mgyoe.com

SAMPLE BOOK


## နှိုင်းနှိုင်းစနေ

# နွေးထွေးကြင်နာတဲ့ ကော်ဖီတစ်ခွက်



mgyoe.com

mgyoe.com SAMPLE BOOK



နွေးထွေးကြင်နာတဲ့ကော်ဖီတစ်ခွက်
9 782025 001286

mgyoe.com

Illustration By Aung Lin Tun

mgyoe.com
SAMPLE BOOK

စာရိပ်မြိုင်အမှတ်စဉ် (၁၂၈)

**ပုံနှိပ်မှတ်တမ်း**

စာမူ မူပိုင် - စာရိပ်မြိုင်



# နိုင်းနိုင်းစနေ

## နွေးထွေးကြင်နာတဲ့ ကော်ဖီတစ်ခွက်

ထုတ်ဝေသည့်အကြိမ် ♦ ပထမအကြိမ်၊ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ
မျက်နှာဖုံးဒီဇိုင်း ♦ အောင်လင်းထွန်း
အတွင်းဒီဇိုင်း ♦ နိုင်ဇင်ထွန်း
ထုတ်ဝေသည့်အုပ်ရေ ♦ ၁၀၀၀
စာအုပ်တန်ဖိုး ♦ ၆၀၀၀ ကျပ်
ထုတ်ဝေသူ ♦ ဦးပြည့်အာကာ(၀၃၀၉၄-စာရိပ်မြိုင်စာပေ)
အမှတ် ၃၀၈၊ သဘော်ကျင်း ၂ လမ်း၊
သဘော်ကျင်းရပ်ကွက်၊ ဒေါပုံမြို့နယ်။
ပုံနှိပ်သူ ♦ ဒေါ်မျိုးမျိုးသန့်(မျိုးမျိုး ပုံနှိပ်လုပ်ငန်း) (၀၁၅၃၃)
အမှတ် ၁၁၊ ၅၆ လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖြန့်ချိရေး ♦ စာရိပ်မြိုင်စာပေ၊ အမှတ် (၂၅၃/၂၅၅)၊ ပထမထပ်၊
ပန်းဆိုးတန်းလမ်းမကြီး၊ ဗိုလ်ချုပ်လမ်းနဲ့ အနော်ရထာကြား၊
ကျောက်တံတားမြို့နယ်။ ဖုန်း ၀၉ ၇၆၂၂၆၀၂၀

နိုင်းနိုင်းစနေ
နွေးထွေးကြင်နာတဲ့ ကော်ဖီတစ်ခွက် / နိုင်းနိုင်းစနေ။ ရန်ကုန်။
စာရိပ်မြိုင်စာပေ။ ၂၀၂၅။
စာမျက်နှာ - ၁၀၄၊ ၁၃. ၉၇ စင်တီ × ၂၀. ၃၂ စင်တီ
(၁၂၈) နွေးထွေးကြင်နာတဲ့ ကော်ဖီတစ်ခွက်

mgyoe.com

mgyoe.com SAMPLE BOOK

# မာတိကာ


| | | |
|---|---|---|
| ၁။ | ခွေးထွေးကြင်နာတဲ့ ကော်ဖီတစ်ခွက် | ၅ |
| ၂။ | ရုပ်လှာအပြင်အဆင်နဲ့ လုပ်နိုင်စွမ်း | ၈ |
| ၃။ | ကြီးပြင်းခြင်းဆိုတဲ့ အတောင်ပံ | ၁၃ |
| ၄။ | ဒီငါးသုံးကောင်အကြောင်း ကလေးတွေကို ပြောပြပါ | ၁၆ |
| ၅။ | ပိုးတုံးလုံးမှ လှပတဲ့လိပ်ပြာတစ်ကောင်သို့ | ၁၉ |
| ၆။ | ချမ်းသာကြွယ်ဝမှု နောက်တစ်မျိုး | ၂၁ |
| ၇။ | စိတ်အားထက်သန်မှု | ၂၄ |
| ၈။ | ချစ်ခြင်းမေတ္တာရဲ့အင်အား | ၂၆ |
| ၉။ | နံရံပေါ်က အခေါင်းပေါက် | ၃၀ |
| ၁၀။ | တစ်မူထူးတဲ့ အမေရိကန်သမ္မတကတော် | ၃၇ |
| ၁၁။ | ဟိမဝန္တာတောင်ကို ဖြတ်ကျော်ပျံသန်းတဲ့ ငှက်ကြီးကြာ | ၄၄ |
| ၁၂။ | Wall Street က ဖိနပ်တိုက်သမား | ၄၇ |
| ၁၃။ | ပူဖောင်းနီလေး မတွေ့တော့ပါ | ၅၁ |
| ၁၄။ | Amish လူမျိုးရဲ့ နှစ်သိမ့်စကား | ၅၅ |
| ၁၅။ | ငှက်ကလေး၊ ခရုငယ်နဲ့ ဂျင်းကိုပင် | ၅၇ |


mgyoe.com

mgyoe.com SAMPLE BOOK

# မာတိကာ


| | | |
|---|---|---|
| ၁၆။ | မေမေနဲ့ သမီးရဲ့ ကစားပွဲ | ၆၁ |
| ၁၇။ | ဂဏန်းတစ်ကောင်ကြောင့် ရှင်သန်ခဲ့သော ငါးများ | ၆၇ |
| ၁၈။ | ကျေးဇူးတရားရဲ့အင်အား | ၆၉ |
| ၁၉။ | အရှုံးသမားတို့ရဲ့ သုခဘုံ | ၇၂ |
| ၂၀။ | ဇာတ်ရုံဘဝမှ ဇာတ်လိုက်ဘဝသို့ | ၇၅ |
| ၂၁။ | လူတိုင်းမှာ ဩဇာလွှမ်းမိုးနိုင်စွမ်းရှိတယ် | ၇၈ |
| ၂၂။ | နောက်ဆုံးတန်းမှ စ၍ | ၈၀ |
| ၂၃။ | ရွှံ့စောင်းနေတဲ့ အတောင်ပံ | ၈၂ |
| ၂၄။ | လေထဲက အသိပညာ | ၈၅ |
| ၂၅။ | အရေးပါတဲ့ စိတ်နေသဘောထား | ၈၈ |
| ၂၆။ | စစ်တုရင်ရှုံးတဲ့ ဘီလ်ဂိတ် | ၉၂ |
| ၂၇။ | အကျီဆယ်ထည်သာလိုတဲ့ ပြင်သစ်လူမျိုး | ၉၄ |
| ၂၈။ | အသံမဲ့ချစ်ခြင်း | ၉၇ |
| ၂၉။ | အကောင်းဆုံး ကောင်းချီးမင်္ဂလာ | ၁၀၀ |
| ၃၀။ | မလှသူတို့၏ ကမ္ဘာ | ၁၀၂ |


mgyoe.com

mgyoe.com SAMPLE BOOK

# နွေးထွေးကြင်နာတဲ့ ကော်ဖီတစ်ခွက်

Green Mountain ကော်ဖီကို စတားဘတ်လောက် လူသိမများဘူး။ သူက အရင်တုန်းကတော့ ကုမ္ပဏီသေးလေးတစ်ခုပေါ့။ အခုချိန်မှာတော့ အောင်မြင်တဲ့ လုပ်ငန်းတစ်ခုဖြစ်နေတာဟာ အဲဒီကုမ္ပဏီကို တည်ထောင်ခဲ့သူ ရောဘတ်စတယ်လာ (Robert Stiller) က ကော်ဖီတစ်ခွက်တိုင်းကို ၁ ဒေါ်လာ တိုးယူခဲ့လို့ ဖြစ်တယ်။

ဒါ ဘယ်လိုဖြစ်ရတာပါလိမ့်။

တစ်ခါက ရောဘတ်ဟာ တောင်အမေရိကားတိုက်မှာရှိတဲ့ ကော်ဖီစိုက်ခင်းတွေဆီ သွားရောက်ကြည့်ရှုခဲ့တယ်။ အဲဒီက အလုပ်သမားတွေဟာ ဆင်းရဲပင်ပန်းလွန်းပြီး လုပ်အားခ နည်းနည်းလေးပဲရတာကို သူ သတိပြုမိခဲ့တယ်။ လူတိုင်းရဲ့ တစ်ရက်လုပ်အားခက ၅ ဒေါ်လာတောင် မရှိဘူး။

ဘာလို့ ဒီလိုဖြစ်ရတာလဲဆိုပြီး မေးမြန်းအဖြေရှာကြည့်တော့ ကော်ဖီဝယ်ယူသူတွေက ကော်ဖီလိုအင်တွေများပြီး ဈေးကောင်းနေပါရက်နဲ့ ကော်ဖီစိုက်သူတွေဆီကနေ ကော်ဖီတွေကို ဈေးနှိမ်ဝယ်ယူကြတယ်။ ကော်ဖီဈေးမကောင်းတော့ အလုပ်သမားတွေရတဲ့ လုပ်အားခကလည်း နည်းတယ်။ "ရတဲ့လုပ်အားခနည်းပေမယ့် ဗိုက်ဟောင်းလောင်းနဲ့ အိမ်မှာ နေတာထက်စာရင် ကောင်းပါတယ်" လို့ ဆင်းရဲတဲ့ အလုပ်သမားတွေက ဆိုကြတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

အကြောင်းစုံကိုသိပြီးတဲ့နောက် ရောဘတ် တုန်လှုပ်သွားမိတယ်။ သူဟာ လေးလေးနက်နက် စဉ်းစားတွေးတောပြီး ကော်ဖီဝယ်ယူသူတွေဟာ အလုပ်သမားတွေအပေါ် ဒီလိုခေါင်းပုံမဖြတ်သင့်ဘူး၊ တခြားလူတွေ လုပ်နေရင်တောင် သူ့ကုမ္ပဏီ Green Mountain က ဒီလိုမလုပ်သင့်ဘူးလို့ သူထင်တယ်။ ဒါကြောင့် သူဟာ လူတွေ အံ့ဩလောက်တဲ့ ဆုံးဖြတ်ချက်တစ်ခုကို ချခဲ့ပါတယ်။

"အလုပ်သမားတွေကို လုပ်အားခတိုးပေးမယ်ဆိုရင် ကော်ဖီစိုက်သူတွေဆီကနေ နဂိုဈေးနှုန်းထက် ၃ ဆပေးပြီး ကော်ဖီတွေကို ကျွန်တော်တို့ဝယ်မယ်"

ကုမ္ပဏီတစ်ခုက အရင်းအနှီးများရင် လည်ပတ်ရ ခက်သွားပါတယ်။ ကုမ္ပဏီဆက်လက်လည်ပတ်ဖို့ Green Mountain ကော်ဖီတွေ ဈေးတက်ရပါတော့မယ်။ ဒါကြောင့် သူတို့က "တောင်အမေရိကတိုက်က သနားစရာ ကော်ဖီစိုက်သူတွေကို ကူညီတဲ့အနေနဲ့ ကျွန်တော်တို့ရဲ့ ကော်ဖီဈေး တက်ရတာဖြစ်ပါတယ်။ ကော်ဖီတစ်ခွက်ကို ၁ ဒေါ်လာ ဈေးတက်ပါတယ်" လို့ ကြေညာခဲ့တယ်။

ကော်ဖီရဲ့ အရည်အသွေးမပြောင်း၊ ခွက်အရွယ်အစား မပြောင်းပေမယ့် ဈေးတက်သွားပါပြီ။ ပြောရရင်တော့ ဒီ Green Mountain ကော်ဖီက တံခါးပိတ်ရမယ့်ကိန်း ဆိုက်ပါပြီ။ ကော်ဖီဆိုင်တွေ နေရာအနှံ့ရှိတာမို့ ဘယ်သူမှ ဈေးနှုန်း ၁ ဒေါ်လာတက်သွားတဲ့ ကော်ဖီကို ဝယ်သောက်ချင်ကြမှာ မဟုတ်ပါဘူး။ တကယ်တမ်းမှာတော့ Green Mountain ကော်ဖီဆိုင် ပိတ်မသွားပါဘူး။ ဝယ်ယူစားသောက်သူတွေကိုတောင် ပိုစွဲဆောင်နိုင်ခဲ့ပါတယ်။

"Green Mountain ကော်ဖီက တခြားကော်ဖီတွေနဲ့ မတူပါဘူး၊ သူဟာ 'နွေးထွေးကြင်နာမှု' ရှိပါတယ်" လို့ ဝယ်ယူသူတွေက ပြောကြပါတယ်။

ဝယ်ယူသူတွေက ဒီလိုတွေးကြပါတယ်။ တကယ်လို့ Green Mountain ကော်ဖီကို ငါတို့မဝယ်ရင် မကြာခင်မှာပဲ သူတို့ ဆိုင်ပိတ်သွားရလိမ့်မယ်။ ဒီလိုဆိုရင် ကော်ဖီလုပ်သားတွေဟာ တိုးတက်ကောင်းမွန်တဲ့ဘဝကို တည်ဆောက်ဖို့ အခွင့်အရေး ဆုံးရှုံးသွားလိမ့်မယ်။

"ဈေးတက်သွားတဲ့ ၁ ဒေါ်လာကို ငါတို့ပေးမယ်၊ ဒါဟာ ကောင်းမှုတစ်ခု လုပ်နေတယ်လို့ပဲ ငါတို့ထင်မှတ်တယ်"

"Green Mountain ကော်ဖီတစ်ခွက် သွားဝယ်ပါ၊ ဒါဟာလည်း ကောင်းမှုတစ်ခု လုပ်နေတာပဲ"

၁ ဒေါ်လာပိုပေးပြီး Green Mountain ကော်ဖီ သောက်သူတွေရဲ့

mgyoe.com

mgyoe.com

ရင်ထဲမှာလည်း ငြိမ်းချမ်းခြင်းတွေ ရှိမှာပါ။ မိုင်ထောင်ပေါင်းများစွာက ဆင်းရဲသား လုပ်သားတွေကို သူတို့ကူညီခွင့်ရနေတယ် ဆိုပြီး စိတ်မသန့်တာတွေ ဖြစ်နေမှာ မဟုတ်ပါဘူး။

ဒီလိုကရုဏာမေတ္တာနဲ့ပဲ Green Mountain ကော်ဖီဟာ မယိုင်လဲဘဲ အောင်မြင်ခဲ့တာ ဖြစ်ပါတယ်။

*မူရင်းရေးသားသူ... Xú jìng cǎo*

♦♦♦

mgyoe.com

mgyoe.com SAMPLE BOOK

# ရုပ်လွှာအပြင်အဆင်နဲ့ လုပ်နိုင်စွမ်း

၁၉၉၅ ခုနှစ် ဆောင်းရာသီ။ တကယ်လို့ အလုပ်ရှာမရခဲ့ရင် စိတ်ပျက်လက်ပျက်နဲ့ ပြည်တော်ပြန်ဖို့က ကျွန်မအတွက် တစ်ခုတည်းသော ရွေးချယ်ရာလမ်း ဖြစ်ခဲ့မှာပါ။

နောက်တစ်ကြိမ် ကျွန်မ ပယ်ချခံလိုက်ရပြန်ပါပြီ။ အင်တာဗျူးသူရဲ့ မျက်နှာအမူအရာကို ကြည့်ပြီး ကျွန်မ အရမ်းပေါက်ကွဲချင်ခဲ့မိတယ်။ ကျွန်မရဲ့ အပြင်အဆင် သွင်ပြင်က ကျွန်မရဲ့ ပညာအရည်အချင်းနဲ့ မအပ်စပ်ဘူးဆိုပြီး ကျွန်မကို သူ အင်တာဗျူး ဆက်မလုပ်ခဲ့တော့ပါဘူး။ ကျွန်မရဲ့အပြင်အဆင်ကို ကျွန်မ ခေါင်းငုံ့ပြီး ကြည့်ကြည့်ပါတယ်။ ကျွန်မရဲ့ ဝတ်စားဆင်ယင်မှုကြောင့် ဖြစ်တယ်ဆိုတာ သိသာသွားပါတယ်။ ကျွန်မကို သူ အထင်သေးသွားပါတယ်။ သူ့အထင်သေးမှုကို ကျွန်မရဲ့ လုပ်နိုင်စွမ်းနဲ့ ချေဖျက်နိုင်တယ်လို့ ကျွန်မ အာမခံရဲပါတယ်။ ဒါပေမဲ့ ကျွန်မရဲ့လုပ်နိုင်စွမ်းကို ပြသဖို့ ကျွန်မ အခွင့်အရေး မရလိုက်ပါဘူး။

ကျွန်မရဲ့အိမ်ရှင် ဆယ်လီနာက စည်းကမ်းကြီးပြီး ကြမ်းတမ်းခက်ထန်တဲ့ လူလတ်ပိုင်းအရွယ် အမျိုးသမီးတစ်ဦးပါ။ ည ၁၂ နာရီမတိုင်ခင် ကျွန်မ အိပ်ရာဝင်ရမယ်လို့ သူ သတ်မှတ်ထားပါတယ်။ ၁၀ မိနစ်အတွင်း ရေချိုးပြီးရမယ်၊ အဝတ်အစား သပ်သပ်ရပ်ရပ် ဝတ်မထားရင် သူ့ဧည့်ခန်းထဲ မဝင်ရ၊ သူရဲ့လှပတဲ့မီးဖိုဆောင်မှာ ကျွန်မရဲ့ တရုတ်ဟင်းလျာ မချက်ရ၊ သူ့ဧည့်သည်တွေ အိမ်ကို အလည်လာရင်

mgyoe.com

mgyoe.com SAMPLE BOOK

ကျွန်မ နှုတ်ခမ်းနီဆိုးထားရမယ်ဆိုတဲ့အထိ သူ သတ်မှတ်ထားပါတယ်။

ဆယ်လီနာလို စည်းကမ်းကြီးတဲ့ အင်္ဂလိပ်အမျိုးသမီးကို ကျွန်မ အရမ်း မုန်းမိပါတယ်။ ဒါပေမဲ့ အိမ်ငှားတွေထဲမှာ ဆယ်ရီနာက အကောင်းဆုံးအိမ်ရှင် ဖြစ်တယ်လို့ လူတိုင်းပြောကြပါတယ်။

သူ ဘယ်နေရာကောင်းမှန်း ကျွန်မ မမြင်မိပါဘူး။ ပြောပြရရင် ကျွန်မ အင်တာဗျူးကျပြီး ပြန်လာတိုင်း မီးဖိုထဲမှာ စားစရာတစ်ခုမှ ကျန်မနေတတ်ပါဘူး။ တကယ်လို့ အပေါ်ထပ်တက်ချိန် ခြေသံထွက်ရင် သူက အိပ်ခန်းတံခါးဝမှာ ရပ်ပြီး အသံကျယ်ကြီးနဲ့ ကျွန်မကို အပြစ်ဆိုတတ်ပါတယ်။

တစ်ခါက ခေါင်းလျှော်ပြီးတာနဲ့ ခုတင်ပေါ် ထိုင်ပြီး သတင်းစာဖတ်ရင်း အပြင်ကဝယ်လာတဲ့ ပေါင်မုန့်ကို ကျွန်မ စားနေပါတယ်။ ဒါဟာ ဆယ်လီနာရဲ့ စည်းကမ်းကို ချိုးဖောက်တာပါပဲ။ အဲဒီအခါ အိမ်ပေါ်ကို သူ တဟုန်ထိုး ပြေးတက် လာပြီး ကျွန်မရဲ့သတင်းစာနဲ့ ပေါင်မုန့်ကို လုယူသွားတော့တယ်။ ပြီးရင် "မင်းဟာ အဆင့်အတန်းမဲ့လိုက်တဲ့ တရုတ်မပဲ၊ ငါ့အိမ်ကနေ ထွက်သွားစမ်း" လို့ အင်္ဂလိပ်လို အော်ပါတယ်။

ဆံပင်ဖားလျားနဲ့ ညဝတ်အင်္ကျီပေါ် အနွေးထည်ထပ်ဝတ်ပြီး နေအိမ် ကနေ ကျွန်မ ပြေးထွက်လာခဲ့တယ်။

ကျွန်မဟာ ကောင်းမွန်တဲ့ အောင်မှတ်၊ လုပတဲ့လုပ်နိုင်စွမ်းနဲ့ ၂၅ နှစ် လုံးလုံး အောင်လံတလူလူ လွင့်ခဲ့သူပါ။ ဘယ်သူကမှ ကျွန်မကို အဆင့်အတန်းမဲ့ တယ်လို့ မပြောခဲ့ဖူးပါဘူး။

ကျွန်မတို့ မဆင်းရဲပါဘူး၊ ဒါပေမဲ့ လုပ်နိုင်စွမ်း၊ အရည်အချင်းကမှ အရေး အကြီးဆုံးလို့ မေမေက ကျွန်မကို ၂၅ နှစ်လုံးလုံး ပြောခဲ့ပါတယ်။ ရုပ်ရည်ကိုကြည့်ပြီး လူရွေးချယ်တာဟာ ဒီနိုင်ငံမှာ တရားမျှတတဲ့စကားလုံး ဖြစ်နေတာကို ကျွန်မ နားမလည်ဖြစ်ရတယ်။ ဒါဟာ ကျွန်မရဲ့ ၂၅ နှစ်တာ လူ့ဘဝကို စော်ကားလိုက်တာ ပဲဖြစ်တယ်။

စိတ်တိုတိုနဲ့ ကော်ဖီဆိုင်တစ်ဆိုင်ထဲ ကျွန်မ ပြေးဝင်လိုက်ပါတယ်။ ရာသီ ဥတုကလည်း အေးလွန်းပြီး ကျွန်မလည်း အရမ်းဆာနေပါတယ်။

ကော်ဖီဆိုင်မှာ လူကျနေပါတယ်။ ဝန်ထမ်းက ကျွန်မကို ထူးဆန်းတဲ့ အကြည့်နဲ့ ကြည့်ပြီး နေရာလွတ်တစ်ခုဆီ လမ်းပြပါတယ်။ ဒါဟာ ဆိုင်ထဲမှာ တစ်ခုတည်းသော နေရာလွတ်ပါ။ ကျွန်မရဲ့မျက်နှာချင်းဆိုင်မှာ အင်္ဂလိပ်မကြီး

mgyoe.com

mgyoe.com SAMPLE BOOK

တစ်ယောက် ထိုင်နေပါတယ်။ သူ့ကိုကြည့်ရတာ ဆယ်ရှိနာထက်ပိုပြီး ဇီဇာကြောင်မယ့်ပုံပါပဲ။ သူဟာ အယ်လီဇဘက်ဘုရင်မလို မြင့်မြတ်ခန့်ညား ထိုင်နေပါတယ်။ ညဝတ်အင်္ကျီဖားဖားအောက်က အားကစားဖိနပ်ကို ကျွန်မ အမှတ်တမဲ့ ရုတ်လိုက်မိပါတယ်။ အဲဒီနောက် သူ့စကပ်အောက်က အသားကပ်ခြေအိတ်နဲ့ လှပတဲ့ ဒေါက်ဖိနပ်ကို ကျွန်မ ကြည့်လိုက်မိပါတယ်။ ဒီလိုအသက်အရွယ်နဲ့တောင် သူဟာ ဒီလိုဖိနပ်မျိုးကို လှလှပပ စွဲဆောင်မှုရှိအောင် စီးထားနိုင်ပါသေးတယ်။

ဥရောပတိုင်းပြည်က အဆင့်မြင့်စားသောက်ဆိုင် တော်တော်များများဟာ အဝတ်အစား မသပ်ရပ်ရင် ဆိုင်ထဲ ပေးမဝင်ပါဘူး။ ဒီဆိုင်ထဲ ကျွန်မ ဝင်လာနိုင်တာဟာလည်း တန်ဖိုးမနည်းတဲ့ အနွေးထည်ကို ကျွန်မ ဝတ်ထားလို့ပဲ ဖြစ်မယ်လို့ ကျွန်မ ထင်ပါတယ်။ ဒေါသကို ခဏတာ ကျွန်မ ရုတ်သိမ်းပြီး "ကော်ဖီတစ်ခွက်ပေးပါ. . . ကျေးဇူးတင်ပါတယ်" လို့ ပြောလိုက်ပါတယ်။

ဆိုင်ဝန်ထမ်း ထွက်သွားပါတယ်။ မျက်နှာချင်းဆိုင်ကအမျိုးသမီး ကျွန်မကို ကြည့်မနေပါဘူး။ ဒါပေမဲ့ သူက စာရွက်တစ်ရွက်နဲ့ စာတစ်ကြောင်းရေးပြီး ကျွန်မကို ကမ်းပေးပါတယ်။ စာရွက်ပေါ်မှာ လက်ရေးအင်မတန်လှတဲ့ အင်္ဂလိပ်စာလုံးနဲ့ ဒီလိုရေးထားပါတယ်။

"မင်းရဲ့ဘယ်ဖက်နောက်ကျောထောင့်ကွေ့မှာ သန့်စင်ခန်း ရှိတယ်"

သူ့ကို ကျွန်မ ခေါင်းမော့ကြည့်လိုက်တယ်။ သူက ကြောရှင်းသိမ်မွေ့တဲ့ ဟန်ပန်နဲ့ ကော်ဖီသောက်နေပါတယ်။ ကျွန်မဖက်ကို တစ်ချက်တောင် လှည့်မကြည့်ပါဘူး။ အနေကျပ်မှုကို ဘယ်လိုစကားလုံးနဲ့ ကျွန်မ ဖော်ပြရမှန်း မသိပါဘူး။ လေးစားမှု မခံရတာဟာ ဖြစ်သင့်ပါတယ်လေလို့ ပထမဆုံးအကြိမ် ကျွန်မ ခံစားလိုက်မိပါတယ်။

လေတိုက်ခံထားရတဲ့ ကျွန်မရဲ့ဆံပင်တွေ ရှုပ်ပွနေပါတယ်။ ကျွန်မရဲ့ နှာခေါင်းဘေးမှာလည်း ပေါင်မုန့်အကြွင်းအကျန်တချို့ ကပ်နေပါသေးတယ်။ ကျွန်မရဲ့ အနွေးထည်က တန်ဖိုးမနည်းဘူး ဆိုပေမယ့် ကျွန်မရဲ့ညဝတ်အင်္ကျီက ဟောင်းအိုနေပါပြီ။ ကျွန်မကိုယ်ကျွန်မ ပထမဆုံးအကြိမ် ကြည့်မရဖြစ်မိပါတယ်။ ဒီလိုအပြင်အဆင်က ကျွန်မကိုယ်ကျွန်မ ဘယ်လောက် မလေးစားသလဲ၊ ပြီးတော့ တခြားလူကိုလည်း မလေးစားရာ ရောက်နေပါတယ်။ နေ့လယ်က အင်တာဗျူး သွားချိန် ကျွန်မရဲ့ ဖြစ်သလိုပြင်ဆင်ခဲ့မှုကို ကျွန်မ သတိရလာခဲ့မိပါတယ်။ ဒါဟာ လည်း အဆင့်မြင့်ရာထူး မန်နေဂျာတစ်ဦးကို ကျွန်မ မလေးစားရာ ရောက်ခဲ့တာပဲ

mgyoe.com

mgyoe.com SAMPLE BOOK

မဟုတ်လား။

ထိုင်ခုံနေရာဆီ ကျွန်မ ပြန်ရောက်ချိန် အဲဒီအမျိုးသမီး မရှိတော့ပါဘူး။ နူးညံ့ပျော့ပျောင်းတဲ့ စားပွဲခင်းပေါ်က စာရွက်ပေါ်မှာ လှပတဲ့လက်ရေးနဲ့ အင်္ဂလိပ်စာကြောင်းတစ်ကြောင်း ထပ်ရေးထားတာကို တွေ့လိုက်ပါတယ်။

"မိန်းကလေးတစ်ဦးဖြစ်ပြီး မင်း ကြော့ရှင်းရည်မွန် ယဉ်ကျေးသိမ်မွေ့ရတယ်။ ဒါဟာ မိန်းမတို့ရဲ့ ဂုဏ်သိက္ခာဖြစ်တယ်"

ကော်ဖီဆိုင်ထဲကနေ ကျွန်မ အပြေးတစ်ပိုင်း ထွက်လာခဲ့တယ်။ ဆယ်နာလီက ဧည့်ခန်းမှာထိုင်ပြီး ကျွန်မကို စောင့်နေပါတယ်။ ကျွန်မကို တွေ့တာနဲ့ သူက ကျွန်မအချိန်ကျော်ပြီး ၁၂ နာရီ ၁၀ မိနစ်မှ အိမ်ပြန်ခဲ့တဲ့အတွက် မနက်ဖြန်မှာ သူ့ကို ကျွန်မ မြက်ရိတ်ကူရမယ်ဆိုတဲ့အကြောင်း ပြောပါတယ်။ သူ့အပြောကို ကျွန်မ လက်ခံပြီး သူ့ကို တောင်းပန်လိုက်ပါတယ်။

ဆယ်လီနာက ကျွန်မကို အသုံးဝင်တဲ့အရာတွေ အများကြီး သင်ပေးခဲ့တယ်ဆိုတာကို ကျွန်မ သတိပြုလိုက်မိပါတယ်။ ၁၂ နာရီမထိုးခင် အိပ်ရာဝင်တာဟာ နောက်တစ်နေ့မှာ ကျွန်မကို အင်အားပြည့်ဖြိုးစေပါတယ်။

သေသပ်တဲ့ ဝတ်စားဆင်ယင်မှုက ကျွန်မကို လူလေးစားမှု ခံစေပါတယ်။

ဒေါက်ဖိနပ်စီး၊ နှုတ်ခမ်းနီ ဆိုးတာဟာ လူကြီးလူကောင်းဆန်သူတွေရဲ့ အကူအညီကို ရစေပါတယ်။

မိမိကိုယ်ကို ယုံကြည်စိတ်တွေ ပြည့်လာတယ်လို့ ကျွန်မ စခံစားမိပါတယ်။ ကျွန်မ အရည်အချင်းရှိမရှိ၊ လုပ်နိုင်စွမ်းရှိမရှိကို ကျွန်မရဲ့ ကိုယ်ရေးမှတ်တမ်းကြည့်ပြီး ဆုံးဖြတ်တာမျိုးကို ကျွန်မ ထပ်မလိုလားခဲ့တော့ပါဘူး။

နောက်ဆုံးတစ်ကြိမ် ကျွန်မ အင်တာဗျူးသွားခဲ့တာက နာမည်ကြီးတံဆိပ် အလှကုန်ဖြန့်ချိရေးကုမ္ပဏီတစ်ခု ဖြစ်ပါတယ်။ ကျွန်မရဲ့ ကြော့ရှင်းသပ်ရပ်တဲ့ ဝတ်စားဆင်ယင်မှုက ကျွန်မကို အမှတ်တိုးစေခဲ့ပါတယ်။ အဲဒီကုမ္ပဏီက အရာရှိအမျိုးသမီးက ကျွန်မကို "မင်း အရမ်းထူးချွန်ထက်မြက်တယ်၊ ငါတို့ကုမ္ပဏီက မင်းကို ကြိုဆိုပါတယ်" လို့ ပြောပါတယ်။

အဲဒီအမျိုးသမီးက ကျွန်မကော်ဖီဆိုင်မှာတွေ့ခဲ့တဲ့ အမျိုးသမီးဖြစ်မယ်မှန်း ကျွန်မ လုံးဝ တွေးထင်မထားခဲ့မိပါဘူး။ သူက အလှကုန်ဖြန့်ချိရေးမှာ ဘုရင်တစ်ဆူအဖြစ် နာမည်ကြီးသူ ဖြစ်ပါတယ်။

"ကျွန်မ အရမ်းကျေးဇူးတင်ပါတယ်၊ မိန်းကလေးတစ်ဦးဖြစ်ပြီး ကြော့ရှင်း

mgyoe.com SAMPLE BOOK

ရည်မွန် ယဉ်ကျေးသိမ်မွေ့ရတယ်ဆိုတဲ့ စကားတစ်ခွန်းအတွက် ကျွန်မ အရမ်း ကျေးဇူးတင်ပါတယ်"

ကျွန်မကို သူ မှတ်မိပုံမရပေမယ့် သူ့ကို ကျေးဇူးတင်ကြောင်း ကျွန်မ ပြောလိုက်ပါတယ်။

ဟုတ်ပါတယ်၊ သင်ကိုယ်တိုင်တောင် မလေးစားချင်တဲ့ အပြင်အဆင်နဲ့ သင့်အတွင်းစိတ် ထူးချွန်ထက်မြက်မှုကို မြင်ဖို့ရာ ဘယ်သူ့ကမှ တာဝန်ယူမှာ မဟုတ်ပါဘူး။ သင်ကိုယ်တိုင်ပဲ တာဝန်ယူရပါတယ်။

"မိန်းကလေးတစ်ဦးဖြစ်ပြီး ကြော့ရှင်းရည်မွန် ယဉ်ကျေးသိမ်မွေ့ရတယ်။ ဒါဟာ မိန်းမတို့ရဲ့ ဂုဏ်သိက္ခာဖြစ်တယ်" ဆိုတဲ့စကားကို ကျွန်မ အမြဲအမှတ်ရနေပါတော့တယ်။

*မူရင်းရေးသားသူ... Yang Lan*

♦♦♦

mgyoe.com

mgyoe.com SAMPLE BOOK

# ကြီးပြင်းခြင်းဆိုတဲ့ အတောင်ပံ

ချောင်းငယ်လေးတစ်ခုက အတားအဆီး၊ အခက်အခဲအမျိုးမျိုးကို ဖြတ်ကျော်ပြီးမှ ပင်လယ်ထဲ စီးဝင်နိုင်တယ်။

မျိုးစေ့လေးတစ်စေ့က အမှောင်ထုအထပ်ထပ်ကို ဖြတ်ကျော်ပြီးမှ အလင်းရဲ့ဆေးကြောခွင့်ကို ရတယ်။

လူတစ်ယောက်ဟာလည်း အမြဲမပြတ် ကြိုးစားအားထုတ်မှ လှပကောင်းမွန်တဲ့ ဘဝသံစဉ်ကို တီးခတ်နိုင်မှာဖြစ်တယ်။

ဘဝရဲ့ခယောင်းလမ်းကို ဖြတ်ကျော်ခဲ့ရလည်း၊ အတားအဆီး အခက်အခဲတွေကို ရင်ဆိုင်ခဲ့ရလည်း ရာဘန္ဒြာနတ်(သ်)တဂိုးဟာ အညှံ့မခံခဲ့ဘူး။

*"လောက,က နာကျင်ခြင်းနဲ့ ငါ့ကို နမ်းရှုံ့တယ်၊ ငါက သီချင်းနဲ့ပြန်ပြီး တုံ့ပြန်မယ်"*

ဒါဟာ သန်စွမ်းသူတစ်ယောက်က ဘဝကို စိန်ခေါ်ခဲ့တဲ့ စစ်ကြေညာချက်ဖြစ်တယ်။

ဘယ်သူလဲ. . . သူ့သံစဉ်ကို အထပ်ထပ် ပြင်ဆင်ခဲ့တာ။

ဘယ်သူလဲ. . . ဆင်းရဲဒုက္ခကြားကနေ မပြတ်ကြိုးစားအားထုတ်ခဲ့တာ။

သူပါ. . . ဘီသိုဗင်ပါ။

သူဟာ အကြားအာရုံ ချို့ယွင်းခဲ့ပေမယ့် မလျော့တဲ့ဇွဲလုံ့လနဲ့ ဂီတအပေါ်

mgyoe.com

mgyoe.com SAMPLE BOOK
ချစ်မြတ်နိုးမှုကို ပေါင်းပြီး စန္ဒရားပေါ်မှာ သူ့တန်ဖိုးကို ပြခဲ့ပါတယ်။ သူ့ရဲ့ဋ္ဌ၊ သူ့ရဲ့ သတ္တိက သူ့ဂီတကို အစွန့်ရှည်တည်တံ့စေခဲ့ပါတယ်။

ဘယ်သူလဲ. . . အပြစ်နဲ့ အရှက်ကို မတရားခံရင်း မပြတ်ကြိုးစား အားထုတ်ခဲ့တာ။

သူပါ. . . Sima Qian (ဟန်ခေတ် သမိုင်းပညာရှင်၊ စာပေပညာရှင်)ပါ။

သူဟာ အချုပ်အနှောင်နဲ့ အေးစက်မှောင်မိုက်တဲ့ အချုပ်ခန်းမှာ ပိတ်လှောင်ခံခဲ့ရတယ်။ သူ့နှုတ်ခမ်းထောင့်မှာ စက်ဆုပ်ရွံရှာတဲ့ အပြုံးနဲ့ မျက်နှာပေါ်မှာ အမှန်တရားအတွက် ပြတ်သားမှုတွေ ထင်ဟပ်ခဲ့တယ်။ သူဟာ ကလောင်တစ်ချောင်းနဲ့ ဘဝစာပေတွေကို ရေးသားပြီး လူတွေကို ကိုင်လှုပ်ခဲ့တယ်။ ကမ္ဘာ့စာပေလောကမှာ တန်ဖိုးမဖြတ်နိုင်တဲ့ ခြေရာတွေကို ထားရစ်ခဲ့တယ်။

ဘယ်သူလဲ. . . လူတွေရဲ့ နားလည်မှုမပေးတဲ့ အကြည့်အောက်မှာ ကကြိုးတွေ မြူးကြွစေခဲ့တာ။

ဘယ်သူလဲ. . . ကြိုးစားအားထုတ်မှုတွေကြောင့် လက်ခုပ်သြဘာသံတွေ ဟိန်းညံစေခဲ့တာ။

ဘယ်သူလဲ. . . အလင်းနဲ့အရိပ်တွေကြားမှာ ဘဝရဲ့ကောက်ကြောင်းကို လှလှပပ ပုံဖော်နိုင်ခဲ့တာ။

သူတို့ပါ. . . ဆွံ့အနားမကြား ကချေသည်တွေပါ။

သူတို့ဟာ ဂီတရဲ့ သာယာငြိမ့်ညောင်းသံကို မကြားရ၊ ဂီတထဲ စီးမျော လိုက်ပါခွင့် မရနိုင်ခဲ့ကြပေမယ့် ကိုယ်၊ စိတ်နှလုံးနဲ့ ဂီတကိုခံစားပြီး မသန်စွမ်း အိုလံပစ်ရဲ့ စတိတ်စင်ပေါ်မှာ သူတို့ရဲ့ ကြီးမြတ်သန်စွမ်းမှု၊ ကြံ့ခိုင်မှုကို ပြသခဲ့တယ်။ သူတို့ရဲ့တန်ဖိုးရှိတဲ့ဘဝအဓိပ္ပာယ်ကို ဖော်ထုတ်ခဲ့တယ်။

၁၉ ရာစုခေတ် ပြင်သစ်စာရေးဆရာ အလက်စန္ဒားဒူးမား(အကြီး)က စာအုပ်တစ်အုပ်ထဲမှာ ဒီလိုသရုပ်ဖော် ရေးသားခဲ့ဖူးပါတယ်။

*နောက်ဆုံးမှာ ကျည်ဆံမိုးတွေကြားကနေ သူ ထရပ်နိုင်ခဲ့တယ်။ သွေးပေနေတဲ့ခန္ဓာကိုယ်ကို ပွတ်သပ်ရင်း သူခေါင်းမော့ အော်ရယ်ခဲ့တယ်။*

*"နာကျင်မှုတွေကို ပြည့်ပြည့်ဝဝ ခံစားခွင့်ပေးတဲ့အတွက် ဘုရားသခင်ကို ကျေးဇူးတင်ပါတယ်။ နာကျင်မှုတွေကို ခံစားရတာ ကောင်းပါတယ်၊ ဒါဟာ ကျွန်တော် အသက်ရှင်နေသေးတယ်၊ မသေသေးဘူး မျှော်လင့်ချက်ရှိသေးတယ် ဆိုတာကို ဖော်ပြနေပါတယ်"*
mgyoe.com

mgyoe.com SAMPLE BOOK

ကြီးပြင်းရာလမ်းတစ်လျှောက်က ဖြောင့်ဖြူးတယ်ဆိုတာ မရှိနိုင်ပါဘူး။

ကြီးပြင်းရှင်သန်နေတဲ့ဘဝမှာ ဒဏ်ရာဒဏ်ချက်တွေက ရှိစမြဲပါ။

ရှေ့ကို သတ္တိရှိရှိ ချီတက်ရင်း ကြိုးစားအားထုတ်မှုတွေ စိုက်ထုတ်မှ အဲဒီဒဏ်ရာဒဏ်ချက်တွေကို ဖျောက်ပစ်နိုင်မှာဖြစ်ပါတယ်။

ဘဝရဲ့ဆင်းရဲဒုက္ခကို ရင်ဆိုင်နေချိန်မှာ ကျွန်တော်တို့ နောက်ဆုတ်အညံ့ခံလို့ မရပါဘူး။ ခိုင်မြဲတဲ့လုံ့လ၊ အရှုံးမပေးတဲ့စိတ်ဓာတ်နဲ့ ရင်ဆိုင်မှသာ ဘဝဟာ လှပတဲ့ရောင်စုံတွေနဲ့ ဖူးပွင့်လာနိုင်မှာဖြစ်ပါတယ်။

*မူရင်းရေးသားသူ... Liu Qin*

♦♦♦

mgyoe.com

mgyoe.com SAMPLE BOOK

# ဒီ ငါးသုံးကောင်အကြောင်း ကလေးတွေကို ပြောပြပါ

## (၁) ချမ်ဆော်လမွန် (Chum salmon)

ချမ်ဆော်လမွန်ငါးအမဟာ ဥဥပြီးတာနဲ့ ဥရဲ့မလှမ်းမကမ်းမှာ စောင့်နေတယ်။ ဥကပေါက်လာတဲ့ ငါးကလေးတွေဟာ အစာမရှာတတ်သေးတော့ မိခင်ရဲ့အသားကိုပဲ စားရတော့တယ်။ ချမ်ဆော်လမွန်အမဟာ ငါးကလေးကိုက်တဲ့ဒဏ်ကို အံကြိတ်ပြီး ခံတယ်။ ငါးကလေးတွေ ကြီးပြင်းလာချိန်မှာ ငါးအမဟာ အစားခံရလို့ အရိုးပဲ ကျန်ခဲ့တော့တယ်။ ချမ်ဆော်လမွန် ငါးအမဟာ လောကမှာ အမြင့်မြတ်ဆုံးဖြစ်တဲ့ မိခင်မေတ္တာကို အသံတိတ် ပေးဆပ်နေခဲ့တယ်။ ချမ်ဆော်လမွန်ငါးက မိခင်မေတ္တာပြည့်ဝတဲ့ ငါးတစ်မျိုးဖြစ်ပါတယ်။

❑

## (၂) မြောက်ပိုင်း ငါးရံ့ (Northern snakehead)

ဒီငါးမျိုးက ဥဥပြီးတာနဲ့ မျက်စိနှစ်လုံး အလင်းကွယ်သွားတယ်လို့ ဆိုပါတယ်။ ငါးဟာ မျက်စိမမြင်တော့ အစာမရှာနိုင်လို့ ဆာလောင်တဲ့ဒဏ်ကို ခံရပါတယ်။ ဥကပေါက်လာတဲ့ ငါးပေါက်ထောင်သောင်းများစွာဟာ မိခင်အစာငတ်သေသွားမှာကို မကြည့်ရက်လို့ တစ်ကောင်ချင်းစီ မိခင်ရဲ့ပါးစပ်ထဲ ကူးခတ်ဝင်ရောက်ပြီး မိခင်ကို အာဟာရ ဖြည့်ပေးကြပါတယ်။ မိခင်က အသက်ရှင်ကျန်ရစ်ခဲ့ပေမယ့်

mgyoe.com

mgyoe.com SAMPLE BOOK

ငါးကလေးတွေရဲ့ အသက်ရှင်နှုန်းက ၁၀ ပုံပုံ ၁ ပုံပဲ ရှိပါတယ်။ မိခင်အတွက် သူတို့ဟာ ငယ်ရွယ်တဲ့အသက်ကို စတေးကြပါတယ်။ မြောက်ပိုင်းငါးရံ့က မိဘကို ရိုသေကိုင်းရှိုင်းတဲ့ငါး ဖြစ်တယ်။

❑

## (၃) ဆော်လမွန်ငါး

နှစ်စဉ်နှစ်တိုင်း ဉဉတဲ့ရာသီရောက်တိုင်း ဆော်လမွန်ငါးတွေဟာ ခရီးမိုင်ထောင်ပေါင်းများစွာ ဖြတ်ပြီး ပင်လယ်ပြင်ကနေ ကုန်းတွင်းပိုင်းမှာရှိတဲ့ သူတို့ရဲ့ မွေးရပ်မြေ မြစ်ချောင်းဆီ အရောက်ပြန်ကြပါတယ်။ ဆော်လမွန်ငါးတို့ရဲ့ အပြန်လမ်းဟာ ခက်ခဲကြမ်းတမ်းလွန်းလှတာကို CCTV ရုပ်မြင်သံကြားရဲ့ တိရစ္ဆာန်ကမ္ဘာ အစီအစဉ်မှာ ရိုက်ကူးတင်ဆက်ခဲ့ဖူးပါတယ်။ အိမ်အပြန်လမ်းမှာ ရေတံခွန်တွေကို ဆန်တက်ရပါတယ်။ ရေတံခွန်ဘေးမှာက ဝက်ဝံညိုတွေ အုပ်စုလိုက် စောင့်နေကြတယ်။ ရေတံခွန်ကို မဆန်တက်နိုင်တဲ့ ဆော်လမွန်ငါးတွေဟာ ဝက်ဝံညိုတွေရဲ့ အစာဖြစ်ရပါတယ်။ ရေတံခွန်ကို ဖြတ်ကျော်နိုင်တဲ့ငါးတွေက လက်ပန်းကျနေပေမယ့် လင်းယုန်ငှက်တွေရဲ့ ဖမ်းဆီးတာကို ရင်ဆိုင်ရပါသေးတယ်။

ကံကောင်းတဲ့ ငါးလောက်ပဲ ဖမ်းဆီးသတ်ဖြတ်တာကို ရှောင်နိုင်ခဲ့ပါတယ်။ သိုလှောင်ထားတဲ့ အင်အားနဲ့ အဆီတွေ ကုန်ခမ်းသွားမှ ဆော်လမွန်ငါးတွေဟာ ကိုယ့်နေရပ်ဆီ ပြန်ရောက်ကြပြီး သူတို့တစ်သက်မှာ အရေးပါဆုံးဖြစ်တဲ့ မိတ်လိုက်၊ ဉဉတဲ့ကိစ္စကို လုပ်ဆောင်ကြပါတယ်။ အဲဒီနောက် သူတို့မွေးရပ်ဌာနေမှာပဲ အေးအေးချမ်းချမ်း သေဆုံးသွားကြတယ်။ နောက်တစ်နှစ် နွေဦးရာသီမှာ ဆော်လမွန်ငါးလောင်းလေးတွေ ပေါက်ဖွားလာကြပါတယ်။ အဲဒီနောက် မြစ်တစ်လျှောက် စီးမျောလိုက်ပါပြီး သူတို့ရဲ့ ရှေ့မျိုးဆက်အတိုင်း ခက်ခဲကြမ်းတမ်းတဲ့ ဘဝလမ်းကို စကြပါတယ်။ ဆော်လမွန်ငါးဟာ မွေးရပ်ဇာတိကို မြတ်နိုးတွယ်တာတဲ့ငါး ဖြစ်ပါတယ်။

ဒီလောကမှာ ငါးသုံးကောင်က ကျွန်မတို့ကို သက်ဝင်ခံစားနေစေခဲ့ပါပြီ။ ပထမ ငါးတစ်ကောင်က မိဘဖြစ်ပြီး ကျွန်မတို့ကို ဘဝပေးသူဖြစ်တယ်။ သူတို့ကို ခွဲခွာပြီး အဝေးကိုထွက်သွားမယ့် ကျွန်မတို့ကို မျက်စိတစ်ဆုံးနဲ့ သူတို့ ပို့ဆောင်နှုတ်ဆက်ပါတယ်။ နောင်တမရှိ မျှော်လင့်ချက် တစ်စုံတစ်ရာ မထားဘဲ ပေးဆပ်နိုင်သလောက် သူတို့ပေးဆပ်နေပါတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

နောက် ငါးတစ်ကောင်က သားသမီးတွေဖြစ်ပါတယ်။ ဝမ်းကကျွတ်တာနဲ့ ကျွန်မတို့ရဲ့ သွေးသားတော်စပ်သူ ဖြစ်ခဲ့ပါတယ်။ အဲဒီကစ အိုမင်းတဲ့အထိ အတူတကွ နေထိုင်အဖော်ပြုသွားမယ်လို့ ယုံကြည်ပါတယ်။

နောက်တစ်ကောင်က မွေးရပ်ဇာတိ ဖြစ်ပါတယ်။ ဘယ်လောက်ပဲ အဝေးကို ရောက်ရောက်၊ တစ်နေ့နေ့ တစ်ချိန်ချိန်မှာ အိမ်အပြန်လမ်းဆိုတဲ့ လမ်းမပေါ် ဆီ ကျွန်မတို့ လျှောက်လှမ်းကြရမှာပါ။

ကျွန်မတို့က အထီးကျန်တဲ့ ငါးတစ်အုပ်ပါ။ ဒီကမ္ဘာလောကထဲ မတော်တဆ ကူးခတ်ရောက်ရှိလာခဲ့ကြပါတယ်။ အဲဒီနောက် ဒီလောကထဲ ခိုလှုံနေထိုင်ရင်း ကျွန်မတို့ဘဝရဲ့ ငါးသုံးကောင်ကို မြတ်နိုးတွယ်တာ ချစ်ခင်နေခဲ့ကြပါတယ်။

♦ ♦ ♦

mgyoe.com

mgyoe.com SAMPLE BOOK

# ပိုးတုံးလုံးမှ လှပတဲ့ လိပ်ပြာတစ်ကောင်သို့

ကောင်လေးတစ်ယောက်ဟာ ရုပ်ဆိုးတဲ့အပြင် စကားက ထစ်သေး၊ ရောဂါကြောင့် ဘယ်ဘက်မျက်နှာက အကြောဆွဲနေတာကြောင့် နှုတ်ခမ်းပါ ပုံပျက်နေတယ်၊ သူစကားပြောတဲ့အခါ ပါးစပ်က ရွဲ့စောင်းနေတတ်တယ်။ သူ့နားတစ်ဘက်ကလည်း အကြားချို့တဲ့နေပါတယ်။

ကောင်လေးဟာ စကားထစ်တာကို ကိုယ်တိုင်ပြင်ချင်လို့ ရှေးက ဟောပြောဆရာတစ်ဦးရဲ့ နည်းအတိုင်း ပါးစပ်မှာ ကျောက်ခဲလေးငုံပြီး စကားပြောခဲ့တယ်။ ကျောက်ခဲကြောင့် ပါးစပ်နဲ့လျှာ ပွန်းပဲ့သွားတာကို ကြည့်ပြီး မိခင်က ကရုဏာမျက်ရည်ကျတယ်။

"မလေ့ကျင့်ပါနဲ့တော့ သားရယ်၊ သားကို မေမေတစ်သက်လုံး အဖော်ပြုမှာပါ" လို့ မိခင်က ပြောတယ်။

လိမ္မာရေးခြားရှိတဲ့သူက မိခင်ရဲ့မျက်ရည်တွေကို သုတ်ပေးရင်း "မေမေ၊ လှပတဲ့လိပ်ပြာတစ်ကောင်တိုင်းဟာ သူ့ပိုးအိမ်ကို သူကိုယ်တိုင် ထိုးဖောက်ပြီးမှ ဖြစ်လာတာလို့ စာအုပ်ထဲမှာ ဖတ်ဖူးတယ်။ သား လှပတဲ့ လိပ်ပြာတစ်ကောင် လုပ်မယ် မေမေ" လို့ သူ ပြောတယ်။

နောက်ပိုင်းမှာ စကားကို သူ မထစ်မအ ပြောနိုင်ခဲ့တယ်။ သူ့ကြိုးစားမှုနဲ့ ရိုးသားမှုကြောင့် အလယ်တန်းကို ထူးထူးချွန်ချွန် အောင်မြင်ခဲ့တဲ့အပြင် လူတွေရဲ့

mgyoe.com

mgyoe.com SAMPLE BOOK
ချစ်ခင်မှုကိုပါ ရခဲ့တယ်။

၁၉၉၃ ခုနှစ် အောက်တိုဘာလမှာ သူဟာ နိုင်ငံတော်ဝန်ကြီးချုပ် ရွေးကောက်ပွဲကို ပါဝင်ယှဉ်ပြိုင်ခဲ့တယ်။ သူ့ပြိုင်ဘက်က တီဗွီပေါ်မှာ မဲဆွယ်ရာမှာ သူ့မျက်နှာအနာအဆာတွေကို ပုံကြီးချဲ့ပြောဆိုတဲ့အပြင် ကြော်ငြာစာသားကိုလည်း "ဒီလိုလူမျိုးကို မင်းတို့ရဲ့ဝန်ကြီးချုပ်အဖြစ် ခန့်အပ်မလား" လို့ ပြောခဲ့တယ်။ ဒီလို ကိုယ်ကျင့်တရားထိပါးမှုနဲ့ ပုဂ္ဂိုလ်ရေးစော်ကားမှုက ပြည်သူအများကို ဒေါသဖြစ် အပြစ်ပြောစရာ ဖြစ်စေခဲ့တယ်။ သူ့ဘဝဖြတ်သန်းမှုတွေကို လူတွေသိရတဲ့နောက် လူတွေရဲ့ ကိုယ်ချင်းစာမှု၊ လေးစားမှုကို သူပိုရလိုက်တယ်။

"တိုင်းပြည်နဲ့ ပြည်သူတွေကို လှပတဲ့လိပ်ပြာတစ်ကောင် ဖြစ်အောင် ကျွန်တော် ဦးဆောင်မယ်" ဆိုတဲ့ ဆောင်ပုဒ်ကို သူ လက်ကိုင်ထားခဲ့တယ်။ အဲဒီမှာ မဲအရေအတွက်အများဆုံးနဲ့ ဝန်ကြီးချုပ်ရာထူးကို သူ ရခဲ့တယ်။ ၁၉၉၇ ခုနှစ်မှာ နောက်ထပ်တစ်ဖန် ပါဝင်ယှဉ်ပြိုင်ခဲ့ချိန်မှာလည်း အောင်မြင်မှု ထပ်ရခဲ့ပြန်ပါတယ်။ လူတွေက သူ့ကို နှစ်လိုချစ်ခင်စွာနဲ့ 'လိပ်ပြာဝန်ကြီးချုပ်' လို့ တင်စားခဲ့ကြတယ်။ သူဟာ ဝန်ကြီးချုပ်ရာထူးကို ပထမဦးဆုံး နှစ်ကြိမ်ဆက်တိုက် အရွေးခံခဲ့ရတဲ့ ကနေဒါဝန်ကြီးချုပ် Jean Chretien ပဲ ဖြစ်ပါတယ်။

ဟုတ်ပါတယ်၊ တချို့အရာတွေကို ကျွန်တော်တို့ သွားပြောင်းလဲလို့ မရပါဘူး။

ဥပမာ- မျိုးရိုး၊ မလှပတဲ့ရုပ်ရည်၊ ကြုံဆုံရတဲ့အခက်အခဲ နာကျင်မှု. . . စတာတွေ ဖြစ်တယ်။ ဒါတွေဟာ ကျွန်တော်တို့ဘဝထဲက 'ပိုးအိမ်'တွေ ဖြစ်တယ်။ ဒါပေမဲ့ လူတိုင်း ရွေးချယ်နိုင်တဲ့အရာတွေလည်း ရှိပါသေးတယ်။ ဥပမာ-- မိမိကိုယ်ကိုလေးစားမှု၊ မိမိကိုယ်ကို ယုံကြည်မှု၊ သတ္တိ၊ ဇွဲလုံ့လတွေ ဖြစ်တယ်။ ဒါတွေက ကံတရားပိုးအိမ်ကို ထိုးဖောက်ဖို့၊ ပိုးတုံးလုံးကနေ လှပတဲ့ လိပ်ပြာဖြစ်အောင် ခွဲထွက်တဲ့ ဘဝရဲ့ဓားအဖြစ် ကျွန်တော်တို့ကို ကူညီနေခဲ့ပါတယ်။

*မူရင်းရေးသားသူ... Ming fei long*

*မူရင်းစာအုပ်... ၂၀၁၀ ပြည့်နှစ်ထုတ် Readers (Du Zhe) မဂ္ဂဇင်းမှ*

♦ ♦ ♦

mgyoe.com

mgyoe.com SAMPLE BOOK

# ချမ်းသာကြွယ်ဝမှု နောက်တစ်မျိုး

၂၀၀၆ ခုနှစ် ဇွန်လမှာ ကမ္ဘာ့ဒုတိယအချမ်းသာဆုံး၊ 'စတော့ဘုရင်' လို့ တင်စားခံရတဲ့ အမေရိကန် နာမည်ကြီး ရင်းနှီးမြှုပ်နှံသူ ဝါရင်ဘတ်ဖတ်ဟာ ဒေါ်လာ သန်း ၃၇၀၀၀ ကို ပရဟိတလုပ်ငန်းတွေအတွက် လှူဒါန်းလိုက်ကြောင်း ကြေညာခဲ့တယ်။ ဒီငွေတွေဟာ သူပိုင်ဆိုင်တဲ့ဥစ္စာပစ္စည်းရဲ့ ၈၅ ရာခိုင်နှုန်းခန့် ရှိပါတယ်။

နယူးတိုင်းမ်သတင်းထောက်တစ်ဦးက ဘတ်ဖတ်ကို "ဒီလောက်များတဲ့ ငွေတွေကို ခင်ဗျား လှူဒါန်းပစ်လိုက်တယ်၊ ခင်ဗျားသားသမီးတွေအတွက် ခင်ဗျား ဘာချန်ထားခဲ့မှာလဲ" လို့ မေးမြန်းခဲ့တယ်။

ဘတ်ဖတ်က "ကျွန်တော့်သားသမီးတွေအတွက် တန်ဖိုးအရှိဆုံး ပစ္စည်း ဥစ္စာတွေ ကျွန်တော် ပေးပြီးသားပါ" လို့ ဖြေတယ်။

"သားသမီးတွေ ငယ်ရွယ်စဉ်အခါက သူတို့အပေါ် ကျွန်တော်တောင်းဆိုမှု မများခဲ့ဘူး။ သူတို့လုပ်ချင်တာကို ကျွန်တော် ပေးလုပ်ခဲ့တယ်။ ရွှံ့တွေ ပေးဆော့တယ်၊ ပန်းပင်မြက်ပင်တွေနဲ့ ကစားတယ်၊ သီချင်းနားထောင်တယ်၊ ရုပ်ရှင်ကြည့်တယ်၊ လယ်တောထဲ ပြေးလွှားဆော့ကစားတယ်။ ဒါတွေဟာ ကျွန်တော့်ကလေးတွေရဲ့ ငယ်စဉ်ဘဝတွေပါပဲ။ ကလေးတွေပျော်ရွှင်ဖို့ ကျွန်တော်အတတ်နိုင်ဆုံး လုပ်ခဲ့ပါ တယ်။ သူတို့ပျော်ရွှင်ဖို့ အခွင့်အရေးတွေကို ဖန်တီးပေးခဲ့ပါတယ်။ ကစားဖို့နေရာတွေ

mgyoe.com

mgyoe.com SAMPLE BOOK

ပို ရွေးချယ်ခွင့်ပေးခဲ့ပါတယ်။ သူတို့ကို လုပ်ငန်းရှင်ကြီးတွေဖြစ်ရမယ်လို့ ကျွန်တော် ဘယ်တော့မှ မတောင်းဆိုခဲ့ဖူးပါဘူး။ သူတို့နှစ်သက်တာတွေကို သူတို့ရွေးချယ်စေခဲ့တယ်။ နောက်တော့ ကျွန်တော့်သားကြီး ဟောင်းဝပ်က ဓာတ်ပုံဆရာဖြစ်လာခဲ့တယ်။ ကျွန်တော့်သားငယ် ပီတာက ဂီတသမားဖြစ်လာခဲ့တယ်။ ကျွန်တော့်သမီး ဆူစန်က အိမ်ထောင်ရှင်မ ဖြစ်လာခဲ့တယ်။ ဒါပေမဲ့ အိမ်မှုကိစ္စတော်တော်များများ သူ မလုပ်ပါဘူး။ သူတို့က သူတို့အလုပ်နဲ့ သူတို့ ပျော်နေကြပါတယ်"

"သားကြီး ဟောင်းဝပ် စီးပွားရေးလုပ်တာ ရှုံးသွားတဲ့အချိန် သူ့ကို ကျွန်တော် မကူညီချင်ခဲ့ဘူး။ သူကိုယ်တိုင် လဲကျရင် သူကိုယ်တိုင် ထရပ်ရမှာပါ။ ဒါပေမဲ့ ကျွန်တော့်ဇနီးရဲ့ အကြိမ်ကြိမ်တောင်းဆိုမှုကြောင့် ဟောင်းဝပ်အတွက် စိုက်ပျိုးခြံတစ်ခြံ ကျွန်တော် ဝယ်ပေးလိုက်ပါတယ်။ ဒါပေမဲ့ အဲဒီခြံအတွက် အဆမတန်ကြီးတဲ့ မြေငှားခကို ဟောင်းဝပ် ပေးရပါတယ်။ ငှားခ မပေးနိုင်ရင် ခြံကို ချက်ချင်းသိမ်းမယ်၊ ဒီလိုစိန်ခေါ်မှုကို ရင်ဆိုင်ရဲသလားလို့ ဟောင်းဝပ်ကို ကျွန်တော် မေးခဲ့တယ်။ သူက ဒီစိန်ခေါ်မှုကို လက်ခံခဲ့ပါတယ်။ နောက်နှစ်အနည်းငယ်အကြာမှာ သူ့ခြံစီးပွားဖြစ်ထွန်းခဲ့ပြီး ခြံလုပ်ငန်းကို ချဲ့နိုင်ခဲ့တယ်။ နောက်ပိုင်းမှာ စီးပွားရေး လုပ်တာဟာ သူ့ကို ပျော်ရွှင်မှုမပေးနိုင်ဘူးလို့ ဟောင်းဝပ် သိလိုက်တာနဲ့ စီးပွားတက်နေတဲ့လုပ်ငန်းတွေကို သူစွန့်ပစ်ခဲ့ပြီး အခု ဓာတ်ပုံလုပ်ငန်း လုပ်နေပါတယ်။ သူအခု လုပ်နေတာ မဆိုးပါဘူး"

"ဒီကနေ့ ရလဒ်ကို ကျွန်တော် ပိုင်ဆိုင်နေရတာက ကျွန်တော်ဟာ အမြဲ တွေးတောတယ်၊ ပြီးရင် စည်းကမ်းချက်တွေ ထုတ်လို့ပါပဲ။ ဒါကြောင့် ကလေးတွေကို တွေးတောတတ်တဲ့အကျင့် မွေးပါလို့ ကျွန်တော်အမြဲပြောတယ်။ အမြဲတွေးတောရင် တွေးတောတတ်သွားပါတယ်။ လွန်ခဲ့တဲ့နှစ်တွေက ဟောင်းဝပ်ဟာ သူ့ခြံလုပ်ငန်းနဲ့ ပိုင်ပိုင်နိုင်နိုင် ရပ်တည်နိုင်တဲ့နောက် သူဟာ ဈေးကွက်သတင်းတွေကို မပြတ်စုစည်းခဲ့တယ်။ ပြီးရင် အနှစ်ချုပ်တွေးတောတယ်။ ဒါကြောင့် စီးပွားရေး တိုးတက်သထက် တိုးတက်ခဲ့တယ်။ ဓာတ်ပုံလုပ်ငန်းမှာလည်း တွေးတောမှုက သူ့ကို အကျိုးရလဒ်တွေ ဖြစ်ထွန်းစေခဲ့ပါတယ်။ သားငယ် ပီတာကလည်း တိတ်ဆိတ်ငြိမ်သက်ချိန်မှာ အသစ်တွေ ဖန်တီးနိုင်ဖို့ တွေးတောတယ်။ ဉာဏ်ကွန့်မြူးတယ်။ နောက်တော့ လူတော်တော်များများကို ထိရှခံစားစေတဲ့ ဂီတတွေကို သူ ဖန်ဆင်းနိုင်ခဲ့တယ်။ သမီး ဆူစန်ကလည်း သူစိတ်ဝင်စားတဲ့အရာတွေပေါ်မှာ တွေးတောရတာကို နှစ်သက်ခဲ့တယ်"

mgyoe.com

mgyoe.com SAMPLE BOOK

"အသက်ရှင်နေချိန်မှာ ပျော်ရွှင်ဖို့က အဓိကပါ။ သန်းကြွယ်တဲ့ ပစ္စည်းဥစ္စာတွေက လူတွေကို ခွန်အားနဲ့ ကြီးပြင်းမှုတွေ မပေးနိုင်ပါဘူး။ လူတွေရဲ့စိတ်အားထက်သန်မှုနဲ့ တွေးတောမှုတွေကိုတောင် ဖျက်ဆီးပစ်နိုင်ပါတယ်။ သေချာတဲ့အဓိပ္ပာယ်နဲ့ ပြောရရင် ငွေကြေးဆိုတာ အဓိပ္ပာယ်မရှိတဲ့ ဂဏန်းအက္ခရာတွေပါ။ အကောင်းမြင်စိတ်ရှိသူ၊ မိမိကိုယ်ကို ယုံကြည်စိတ်ရှိသူ၊ သတ္တိရှိရဲရင့်သူ၊ အမြဲတွေးတော သူတွေကမှ ပျော်ရွှင်ပြီး အနှစ်သာရရှိတဲ့ ဘဝကို ပိုင်ဆိုင်ရပါတယ်။ ဒါကြောင့် တန်ဖိုးအရှိဆုံး ပစ္စည်းဥစ္စာတွေကို ကျွန်တော့်သားသမီးတွေအတွက် ကျွန်တော် ပေးခဲ့ပြီးပါပြီလို့ ပြောချင်ပါတယ်"

ဘတ်ဖတ် ပြောတာတွေကို နားထောင်ပြီးတဲ့နောက် သတင်းထောက်အံ့ဩမှင်တက်သွားခဲ့တယ်။ အဲဒီနောက် အဲဒီစကားတွေကို အချက် ၃ ချက်နဲ့ အနှစ်ချုပ်နိုင်ခဲ့ပါတယ်။ လူ့ဘဝရဲ့တန်ဖိုးရှိတဲ့ ဥစ္စာပစ္စည်းဆိုတာ -

လူငယ်တွေကို ဘဝရဲ့ပျော်ရွှင်ခြင်းတွေ ခံစားသိရှိစေပြီး အဲဒီလို ခံစားသိရှိနိုင်ဖို့ အခွင့်အရေးတွေ ပေးတာပဲဖြစ်တယ်။ ပြီးတော့ သူတို့ဝါသနာပါရာ၊ သူတို့နှစ်သက်ရာတွေကို လုပ်ကိုင်စေပြီး ပျော်ရွှင်ခြင်းကို တိုးမြှင့်ပေးတာ ဖြစ်တယ်။ ရှုံးနိမ့်သွားတာ၊ အောင်မြင်သွားတာက အဓိကမကျဘူး၊ အဓိကကျတာက ပျော်ရွှင်တဲ့စိတ် မွေးမြူနိုင်ဖို့နဲ့ မိမိကိုယ်ကို ယုံကြည်စိတ်၊ လုပ်ရဲကိုင်ရဲတဲ့သတ္တိနဲ့ အကောင်းမြင်စိတ်ရှိဖို့ ဖြစ်တယ်။ ကြီးမားတဲ့အောင်မြင်မှုကို ရယူဖို့ များများတွေးတောရတယ်။ တွေးတောမှုထဲကနေ ဖန်တီးမှုတွေကို ဖြစ်စေတယ်ဆိုတာပဲဖြစ်ပါတယ်။

*မူရင်းရေးသားသူ... Zhāng jiàn wĕi*

*မူရင်း... ၂၀၀၇ ခုနှစ်၊ အမှတ် ၁၈၊ စက်တင်ဘာလထုတ်*

*Readers (Du Zhe) မဂ္ဂဇင်းမှ ဆောင်းပါးတစ်ပုဒ်*

◆◆◆

mgyoe.com

mgyoe.com SAMPLE BOOK

# စိတ်အားထက်သန်မှု

ဂရိလူမျိုး သေတဲ့အခါ ဝမ်းမနည်းကြဘူးတဲ့။

"ဒီလူ အသက်ရှင်နေတုန်းက သူ့ဘဝမှာ စိတ်အားထက်သန်မှု တစ်စုံတစ်ရာရှိခဲ့သလား" ပဲ မေးတယ်တဲ့။

သဘောက တကယ်လို့ စိတ်အားထက်သန်မှု တစ်စုံတစ်ရာ မရှိခဲ့ရင် သေတယ်ဆိုလည်း သေပေါ့။ ရှင်နေရင်လည်း သေတာနဲ့မှ မခြားပါဘူး။ တကယ်လို့ စိတ်အားထက်သန်မှု တစ်စုံတစ်ရာ ရှိခဲ့ရင် သေလည်းကိစ္စမရှိဘူး၊ နောင်တတရား မရှိတော့ပါဘူး။

'စိတ်အားထက်သန်မှု' တွေ ကျွန်တော်အများကြီး တွေ့ခဲ့ဖူးတယ်။

- ကိုယ်လက်လေး ယိမ်းနွဲ့ပြီး တက္ကစီမောင်းတဲ့ ကားဆရာ
- တွန်းလှည်းကို ကုန်းတက်အတိုင်း အသားကုန်တွန်းနေတဲ့ သန့်ရှင်းရေး သမား
- စားသောက်ဆိုင်မှာ အားရပါးရ အစားကြူးနေတဲ့ ခပ်ဝဝကောင်လေး တစ်ယောက်
- လေချွန်ရင်း ဂိမ်းဆော့နေတဲ့ ကောင်လေးတစ်ယောက်
- ဒေါက်ဖိနပ် တစ်ဒေါက်ဒေါက်မြည်အောင်စီးတဲ့ ကောင်မလေးတစ်ယောက်
- စိတ်အာရုံနစ်ပြီး ပန်းချီဆွဲနေတဲ့ လူငယ်တစ်ယောက်

mgyoe.com

mgyoe.com
SAMPLE BOOK

◆ ကိုယ်ချစ်ရသူနဲ့ဆုံဖို့ ခရီးမိုင်ထောင်ရှည် နှင်တဲ့ ကောင်လေးတစ်ယောက်

သူတို့ရဲ့ စိတ်အားထက်သန်မှုက စစ်မှန်ပြီး သဘာဝကျလို့ အလိုလို ထုတ်ဖော်ရက်သား ဖြစ်နေတယ်။

ဒီလို စိတ်အားထက်သန်မှုတွေက ကျွန်တော့်ကို မကြာခဏ စိတ်လှုပ်ရှား မိစေတတ်တယ်။ သူတို့နဲ့ မသိပေမယ့် အလုပ်ကို စိတ်လိုလက်ရ လုပ်ရင်း သူတို့ ပျော်နေတာကို တွေ့ရင် ကျွန်တော်လည်း ဝမ်းသာမိတယ်။ ဒီလောကမှာ အတု အယောင် စိတ်အားထက်သန်မှုနဲ့ ရှုံသွပ်တဲ့ လိုက်စားမှုတွေ အများကြီး ရှိပါတယ်။ ဒါပေမဲ့ အဲဒါတွေကို စစ်မှန်တယ်လို့ သူတို့ထင်ရင်၊ တခြားလူကို ထိခိုက်နာကျင် စေတာမျိုး မဟုတ်ရင် အဲဒီစိတ်အားထက်သန်မှုထဲ သူတို့ နစ်ဝင်နေပါစေလေ။

'စိတ်အားထက်သန်မှု' က 'စိတ်ကူးအိပ်မက်' ရဲ့ တိုးချဲ့မှုပါ။ စိတ်ကူး အိပ်မက်အဆင့်ကို မရောက်သေးပေမယ့် စိတ်အားထက်သန်မှုဆိုတာ သက်ဝင်မှု၊ တက်ကြွမှု၊ စိတ်ပါဝင်စားမှုဖြစ်တယ်။ "ငါ့မှာ စိတ်အားထက်သန်မှု ရှိသလား" လို့ သေခါနီးမှ ကိုယ့်ကိုယ်ကိုယ် မမေးပါနဲ့။ တကယ်တော့ ညတိုင်း မေးနေသင့်ပါတယ်။

*မူရင်း...၂၀၀၉ ခုနှစ်၊ စက်တင်ဘာလထုတ်*

*Readers (Du Zhe) မဂ္ဂဇင်းမှ ဆောင်းပါးတစ်ပုဒ်*

◆ ◆ ◆

mgyoe.com

mgyoe.com SAMPLE BOOK

# ချစ်ခြင်းမေတ္တာရဲ့ အင်အား

အမယ်အိုတစ်ဦးဟာ လူ့ဘဝတစ်သက်တာကို ခက်ခဲပင်ပန်း ဖြတ်ကျော်ပြီးနောက် အသက် ၉၁ နှစ်အရွယ်မှာ ကွယ်လွန်သွားခဲ့ပါတယ်။ ကွယ်လွန်သွားပြီးနောက် အမယ်အိုဟာ ဘုရားသခင်နဲ့ တွေ့ချိန်မှာ သူ့ကို နှစ်ကာလကြာရှည်စွာ စိတ်ရှုပ်စေခဲ့တဲ့ မေးခွန်းတစ်ခုကို ဘုရားသခင်ထံ မေးမြန်းပါတယ်။

တကယ်လို့ လူသားအားလုံးဟာ မွေးကတည်းက တန်းတူညီမျှရှိခဲ့တယ်ဆိုရင် ဘာဖြစ်လို့ တစ်ခါတလေမှာ လူတချို့က တခြားလူတချို့ကို ရက်စက်ကြမ်းကြုတ်စွာ ဆက်ဆံတတ်ပါသလဲ။

*"လူတိုင်းက တိကျသေချာတဲ့ သင်ခန်းစာတစ်ခုကို တက်ကြရတယ်။ ဒီသင်ခန်းစာတွေကို တတ်မြောက်မှ ဘဝဆိုတာ ဘာလဲ၊ လူဆိုတာ ဘာလဲဆိုတာကို လူသားတွေ နားလည်နိုင်မှာဖြစ်တယ်"* လို့ ဘုရားသခင်က ဖြေတော့ အမယ်အို သဘောမပေါက်ပါဘူး။ ဒီလိုနဲ့ ဘုရားသခင်က အခုလို ရှင်းပြပါတယ်။

*တစ်ယောက်ယောက်က သင့်ကို လိမ်ညာပြောဆိုတဲ့အခါမှာ အရာဝတ္ထုတစ်ခုဟာ သင်မြင်တဲ့ အပြင်ပန်းသဏ္ဌာန်အတိုင်း မဟုတ်ကြောင်း သင့်ကို ပြောပြနေပါတယ်။ အစစ်အမှန်ဟာ အမြဲတမ်း အတုအယောင်ရဲ့အောက်မှာ ဖုံးနေပါတယ်။ တကယ်လို့ လူတစ်ယောက်ရဲ့ တကယ့်အတွေးစိတ်ကို သိချင်ရင် သူ့မျက်နှာဖုံးကို ထွင်းဖောက်ပြီး သူ့ရဲ့အတွင်းစိတ်ကို ကြည့်ရပါတယ်။ ဒီလိုကြည့်ချိန်မှာ သင်*

mgyoe.com

mgyoe.com SAMPLE BOOK

လည်း သင့်မျက်နှာဖုံးကို ချွတ်ပစ်ရပါမယ်။ ဒါမှ တခြားလူလည်း သင့်အပေါ် တကယ့်နားလည်မှာ ဖြစ်ပါတယ်

တစ်ယောက်ယောက်က သင့်ပစ္စည်းကို ခိုးယူတဲ့အခါမှာ ဘယ်အရာကိုမှ သင် ထာဝရမပိုင်ဆိုင်ကြောင်း သင့်ကို ပြောပြနေပါတယ်။ ဒါကြောင့် သင် လက်ရှိပိုင်ဆိုင်တဲ့အရာကို အမြဲတန်ဖိုးထားရပါတယ်။ အကြောင်းက အဲဒီအရာတွေ ဘယ် အချိန်မှာ ဆုံးရှုံးပျောက်ဆုံးမယ်ဆိုတာကို သင်မသိလို့ပါ။ သင့်အပေါ် ထားတဲ့ မိသားစု၊ သူငယ်ချင်းတွေရဲ့ မေတ္တာကို ဒါဟာ ရသင့်လို့ရတဲ့အရာလို့ မထင်မှတ်ပါနဲ့။ မနက်ဖြန်ပဲဖြစ်ဖြစ် ဘယ်အချိန်မှာပဲဖြစ်ဖြစ် ဒါတွေဟာ ပျောက်ဆုံးသွားတတ်လို့ပါ။ အခုလက်ရှိအချိန်မှာ ပိုင်ဆိုင်တဲ့ အရာကပဲ သင့်အတွက် သေချာပါတယ်

တစ်ယောက်ယောက်က သင့်ကိုရိုက်ပုတ်ပြီး နာကျင်အောင်လုပ်တဲ့ အခါမှာ လူ့ခန္ဓာကိုယ်က ကျွတ်ဆတ်လွန်းကြောင်း သင့်ကို ပြောပြနေပါတယ်။ ဒါကြောင့် သင့်ကိုယ်သင် ကာကွယ်တတ်ရပါတယ်။ သင့်ခန္ဓာကိုယ်ကို သင် ဂရုစိုက်တတ်ရပါတယ်။ ဒါဟာ သင်မသေမချင်း သင်ပိုင်ဆိုင်နိုင်တဲ့ တစ်ခုတည်းသော ဥစ္စာပစ္စည်းဖြစ်ပါတယ်။

တစ်ယောက်ယောက်က သင့်ကို လှောင်ရယ်တဲ့အခါမှာ လူလူချင်းကြားမှာ တူညီတဲ့လူနှစ်ယောက် မရှိနိုင်ကြောင်း သင့်ကို ပြောပြနေပါတယ်။ တကယ်လို့ သင်နဲ့မတူတဲ့ တခြားလူတစ်ယောက်ကို သင်တွေ့ဆုံတဲ့အခါ သူ့ရုပ်သွင်သဏ္ဌာန် ဒါမှမဟုတ် သူ့အမူအရာတွေကို မဝေဖန်၊ မကဲ့ရဲ့ပါနဲ့။ သူ့ရဲ့အကျင့်စရိုက် အနိမ့်အမြင့်ကိုပဲ အလေးထားပါ။

တစ်ယောက်ယောက်က သင့်ကို ဝမ်းနည်းကြေကွဲစေတဲ့အခါမှာ လူတစ်ယောက်ကို ချစ်တိုင်း တစ်ဘက်လူကလည်း သင့်ကို ချစ်မှာမဟုတ်ကြောင်း သင့်ကို ပြောပြနေပါတယ်။ ဒါပေမယ့် အချစ်အပေါ် သင် မျှော်လင့်ချက်မမဲ့ပါနဲ့။ သင်နဲ့ သက်ဆိုင်တဲ့ တကယ့်အချစ်ကို သင် ရှာဖွေတွေ့ရှိသွားတဲ့အချိန်မှာ ပျော်ရွှင်ခြင်းက သင်ရဲ့ ဝမ်းနည်းကြေကွဲခြင်းတွေကို ဖာထေးသွားပါလိမ့်မယ်။

တစ်ယောက်ယောက်က သင့်ကို အပြစ်တင်တဲ့အခါမှာ ဘယ်သူမဆို အမှားလုပ်တတ်ကြောင်း သင့်ကို ပြောပြနေပါတယ်။ သင်အမှားလုပ်မိချိန်မှာ အကောင်းဆုံး သင်လုပ်နိုင်တဲ့အရာတစ်ခုက သင့်ကို အပြစ်တင်နေသူကို ခွင့်လွှတ်ပေးလိုက်တာပဲဖြစ်တယ်။ ပြောရရင်တော့ ကိုယ့်ကို ထိခိုက်နာကျင်စေသူကို ခွင့်လွှတ်တယ်ဆိုတာဟာ ဘဝမှာ တကယ်လုပ်ရခက်တဲ့ အရာတစ်ခုဖြစ်ပါတယ်။

mgyoe.com